ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

သစ်ဆိမ့်ကုန်း ကျေးရွာ၊ ဆုံလဲ အုပ်စု

၂၀၁၇ခုနှစ်

ကြံခင်းမြို့

မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRAtools များနှင့်တစ်ခုချင်းစီ၏
သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကော်မတီဝင်များစာရင်း

၉။ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။အစည်းအဝေးမှတ်တမ်းများ


၁၄။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မှုင်ဂါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ဆုံလဲ ကျေးရွာမြေပုံ (တည်နေရာ)



## ၄။ကျေးရွာအခြေခံအချက်အလက်များ

သစ်ဆိမ့်ကုန်း ကျေးရွာသည် ဧရာဝတီတိုင်း ၊ကြံခင်းမြို့နယ် ၊ဆုံလဲအုပ်စု တွင် ရှိပြီး ဧရာဝတီ မြစ်၏ အနောက်ဘက်ခြမ်း တွင် တည်ရှိပါသည်။ အိမ်ခြေ (၅၀) ရှိပြီး အမျိုးသမီး အိမ်ထောင်ဦးစီး (၈)ဦးရှိပါသည်။ ၂၀၁၇ ခုနှစ်စစ်တမ်းအရလူဦးရေ(၁၈၇)ဦး နေထိုင်လျှက် ရှိပါသည်။

ကြံခင်း–မက်သနော လမ်းမကြီး၏ ဘေးတွင် ရှိပြီး ဘုန်းတော်ကြီးကျောင်း ၊ စေတီ တို့ရှိပြီး လူထုဗဟိုပြုစီမံကိန်းမှပထမနှစ်စက်ဝန်းတွင်ဂွေဆင့်ရေကန်နှင့်ဖြန့်စနစ် ၊ဒုတိယ နှစ်စက်ဝန်းတွင် ရွာတွင်း ချောင်းကျောက်ခင်းလမ်း တို့အားကော်မတီ နှင့်ရွာ လူထုပူးပေါင်း အကောင်ထည်ဖော်ခဲ့ကြပါသည်။

ရွာရှိအိမ်ခြေ (၁၇) အိမ်သည် စီးပွါးရေး အလွန်ပြေလည် ကြပြီး (၁၄) အိမ်သည် စီးပွါးရေး အသင့်အတင့်ပြေလည်၍ ၊ (၁၉)အိမ်သည် နွမ်းပါးကြသည် ကိုတွေ့ရပါသည်။ ရွာ၏ အဓိက စီးပွားရေး လုပ်ငန်းမှာ တောင်ယာလုပ်ငန်း၊ ကြက်မွေးမြူရေး လုပ်ငန်း တို့ဖြစ်ပြီး အများစုမှာ ကျပန်းလုပ်ကိုင်ကြပါသည်။

ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် အုပ်စုသားဖွားဆရာမတစ်ဦးရှိပြီး၊ ဆိပ်သာ တိုက်နယ်ဆေးရုံ၊ ကြံခင်း ဆေးရုံကြီးများနှင့် မဝေးလှသော်လည်း ဆက်သွယ်ရေးလမ်း များမှာ မကောင်းလှပေ။ကျေးရွာများဖွံ့ဖြိုးစေရေးတွင်ပညာရေး၊ကျန်းမာရေး၊လမ်းပန်း ဆက်သွယ်ရေး သည်အဓိကကျွှာတွင်ပါဝင်မည်ဟုထင်မြင်သုံးသပ်မိပါသည်။

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၁၂.၁၂၂၀၁၅ | ရပ်မိရပ်ဖ၊ ကော်မတဝင်များ၊ ရပ်ရွာလူထုများ | ၆ | ၁၀ | ၁၆ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၁၂.၁၂၂၀၁၅ | ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၄ | ၆ | ၁၀ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၁၂.၁၂၂၀၁၅ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါးအုပ်စုများ | ၂၄ | ၃၂ | ၅၆ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၁၂.၁၂၂၀၁၅ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၃၀ | ၄၅ | ၇၅ | -ကျေးရွာတွင်း ၊ပြင်ပရှိ အဖွဲ့ အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၁၂.၁.၂၀၁၆ | ကျေးရွာရှာ အမျိုးသား နှင့်အမျိုး သမီးများ | ၂၅ | ၃၀ | ၅၅ | နေ့စဉ်ဘ၀အတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီး တို့ပါဝင်မှုအချိုး၊ အမျိုးသားနှင့် အမျိုးသမီးတန်းတူ အခွင့်ရေး ရရှိ နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုး မှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၁၃.၁.၂၀၁၆ | ကျေးရွာရှိ အမျိုးသား နှင့်အမျိုး သမီးများ | ၆၃ | ၇၆ | ၁၃၉ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့် နည်း။မည်သို့ညီမျှစွာခံစား ခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၁၃.၁.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာ လူထုများ | ၃၄ | ၆၀ | ၉၄ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ -လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၁၃.၁.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာ လူထုများ | ၃၄ | ၆၀ | ၉၄ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ -ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | | အားလုံး | – | – | – | -ဆွေးနွေးထားသောအခက်ခဲများ၊ဖြစ်ပေါ် လာရသည့်အကြောင်းရင်း/အကျိုးဆက်များ -မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | ၁၃.၁.၂၀၁၆ | ကော်မတီဝင်များ၊ ရပ်ရွာ လူထုများ၊ တက်ရောက်သူ အားလုံး | ၃၄ | ၆၀ | ၉၄ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

၆။(က)လူမှုနှင့်သဘာဝအရင်းအမြစ်များပြမြေပုံသုံးသပ်ချက်

**<u>ဒေသတွင်း သဘာဝအရင်းအမြစ်များ</u>**

ကျေးရွာ၏အရင်းအမြစ်များမှာလမ်းများ၊ဘုန်းကြီးကျောင်း၊တောတောင်၊ဆန်စက်၊လယ်ယာများ၊ အားကစားကွင်း ၊ ဇရပ်၊ လူထုဗဟိုပြု စီမံကိန်း ပထမနှစ်တွင်ခွဲဆင့်ရေစင် ၊ ရေစက်ရှိ၊ ရေတွင်း စသည်တို့ကို ဆောင်ရွက်ခဲ့သောကြောင့် ရေကိုအဆင်ပြေစွာ သုံးစွဲကြရပါသည်။

**<u>လူမှုအဆောက်အဦးများ</u>**

ကျေးရွာတွင်း ရှိသော ဖွံ့ဖြိုးမှုအနေဖြင ဇရပ်သာရှိပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံအဆောက်အဦး များလိုအပ်ကြောင်းတွေ့ရပါသည်။

**<u>လမ်းပန်းဆက်သွယ်ရေး</u>**


ဆက်သွယ်ရေး အတွက် လမ်းများရှိသော်လည်း၊ ကောင်းမွန်မှု မရှိသောကြောင့် ရွာတွင်းချောင်း ကျောက်ခင်းလမ်းကို တောင်းဆိုကြသည်၊ မိုးတွင်းအခါတွင် ရေဝပ်သောကြောင့် ရွာတွင်းလမ်းမကောင်းသောကြောင့် သွားလာရေး ခက်ခဲမှုများရှိနေပါသည်။

**<u>ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး</u>**

ပညာရေး အနေဖြင့် ပေါက်တိုင်း ၊ ဆိပ်သာ တို့တွင်ရှိသော ကျောင်းများ သို့သွားရောက်သင်ကြား ကြရသည်။ကျန်းမာရေးအနေဖြင့် ဆိပ်သာ တိုက်နယ်ဆေးရုံ ကြံခင်းဆေးရုံတို့တွင်သွားရောက် ကုသကြရပါသည်။ စီးပွားရေး အနေဖြင့် လယ်၊ကိုင်း လုပ်ငန်း ၊ ကျပန်းလုပ်ငန်း တို့ကိုသာ လုပ်ကိုင်ကြပြီးလက်လုပ်လက်စားများ များပြားကြသည်။ပါဝင် ဆွေးနွေးသူ ကျား(၇) ၊ မ(၅) ဦး တို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



ရာသီခွင်ပြ ပြက္ခဒိန်

၆။(ခ)ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ရာသီဥတု၊

တန်ကူး၊ ကဆုန်၊တော်သလင်း၊ တပို့တွဲ၊ တပေါင်းလများတွင်  နေပူပြင်းပြီး၊ နယုန်၊ ဝါဆို၊ ဝါခေါင်လသည်မိုးရွာသောလများဖြစ်ပြီး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊စသော လများသည် ချမ်းအေးပြီးနှင်းကြသောလများဖြစ်သည်။

အလုပ်အကိုင်နှင့် ဝင်ငွေ

တန်ကူးလ ကဆုန်လများတွင်အလုပ်အကိုင်ရှားပါးသောလများဖြစ်ကြသောကြောင့် ဝင်ငွေ မရရှိကြပေ။ နယုန်လတွင် တောင်ယာခုတ် သောကြောင့် ဝင်ငွေ အနေဖြင့် အမျိုးသား၊ အမျိုးသမီး တန်းတူ (၂၅၀၀)ကျပ်စီရကြပါသည်။

ဝါဆို၊ ဝါခေါင်လ များတွင်လယ်ယာထွန်ယက်စိုက်ပျိုးသောကြောင့်ကျား၊မတန်းတူ (၄၀၀၀) ကျပ်စီ ရကြသည်။ တော်သလင်း၊ သီတင်းကျွတ် လများတွင် တောင်ယာ ၊ လယ် များတွင် ရိတ် သိမ်းကြသောကြောင့် ဝင်ငွေအားဖြင့် ကျား၊ မ တန်းတူ (၂၅၀၀) ကျပ်စီသာရကြသည်။တန်ဆောင် မုန်း၊ နတ်တော် လများတွင် တောင်ယာ ထွန်ယက် စိုက်ပျိုးသောကြောင့် ဝင်ငွေအနေဖြင့် ကျား၊ မ တန်းတူ (၂၅၀၀) ကျပ်စီရကြပါသည်။ ပြာသို၊တပို့တွဲလများတွင်တောင်ယာရိတ်သိမ်းသောကြောင့် ကျား၊ မ တန်းတူ (၂၅၀၀)ကျပ်စီသာရရှိကြသည်။

ပွဲတော်

တန်ကူးလတွင် သင်္ကြန်ပွဲတော် ၊ကဆုန်လတွင် ညောင်ရေသွန်းပွဲတော် ၊ဝါဆိုလတွင် ဝါဆို သင်္ကန်းကပ်လှူကြ၍၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများ တွင်တော့  မီးထွန်းပွဲတော်၊ တရားပွဲ၊ ကထိန်ပွဲများ ၊တပိုတွဲလတွင် ထမနဲပွဲ၊ တပေါင်းလတွင် သဲပုံစေတီ များကျင်းပလေ့ရှိကြောင်း တွေ့ ရပါသည်။

ကျန်းမာရေး

တန်ကူးလ၊ကဆုန်လများတွင်အပူနာများဖြစ်သောလည်ချောင်းနာ၊မျက်စိနာတို့ဖြစ်တတ်ပြီး နယုန်လ တွင်ဖျားနာမှု များဖြစ်တတ်ပြီးဝါဆို၊ဝါခေါင်၊နတ်တော်၊ပြာသိုလများတွင်တုတ်ကွေး၊ဖျားနာ ခြင်း များဖြစ်တတ်ပြီ၊တပေါင်းလတွင်ချောင်းဆိုးခြင်းများဖြစ်တတ်ပါသည်။

ဒေသထွက်အစားအစာ

ရာသီပေါ် သီးနှံများ ဖြစ်သော ဘူးသီး ၊ ခရမ်းသီး၊ ခရမ်းချဉ်သီးများ ၊ ဖရုံသီး ၊ ပဲအမျိုးမျိုး ၊ ပြောင်းဖူးများ၊ ပန်းအမျိုးမျိုး ၊ မြေပဲ၊ပဲသီးများစသောသီးနှံများကိုရာသီအလိုက်စိုက်ပျိုးသောကြောင့် စသော အစား အစာများ  ထွက်ရှိပါသည်။

## အားလပ်ချိန်


တန်ကူးလ၊ ကဆုန်လများတွင်အားလပ်သောအချိန်များဖြစ်ပြီးကျန်လများတွင် အလုပ်အကိုင် များဆောင်ရွက်ကြပါသည်။

## သဘာဝဘေးအန္တရာယ်

တန်ကူးလ ၊ တပေါင်းလတွင် မီးဘေးအန္တရာယ်၊ ကဆုန် ၊နယုန်လတွင် လေ ဘေးများကျရောက်တတ်ပါသည်။ ပါဝင် ရေးဆွဲသူကျား (၂၃) ၊မ (၂၅) ဦးတို့နှင့် အတူ ဆွေးနွေးဖော်ထုတ်ရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**၆။(ဂ)ဥစ္စာဓနပိုင်ဆိုင်မှုသတ်မှတ်ခြင်းအားသုံးသပ်ခြင်း**

**ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး**

ရွာသူ/သားများအားလုံးပူးပေါင်း၍ ချမ်းသာသူများကို အဆင့် (က)၊ အသင့်အတင့် နေနိုင်သူများကို အဆင့်(ခ)၊ နွမ်းပါးသူများကို အဆင့်(ဂ)အဖြစ် သုံးမျိုးခွဲခြားရန် ဆုံးဖြတ်ခဲ့ကြသည်။

**အဆင့်အလိုက် အခြေခံစံနှုန်းများ အများသဘောတူသတ်မှတ်နိုင်ရေး**

ရွာသူ/သားများမှ ၎င်းတို့ရွာအခြေအနေနှင့် ကိုက်ညီသော လူနေမှုအဆင့်များကိုသတ်မှတ်ရာတွင်အဆင့် (က)အတွက်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်၊ကိုင်း၊နွား၊စပါးစက်(ဆန်စက်)၊အရောင်းအဝယ်၊ လက်မှုပညာ၊ မွေးမြူရေး၊ စိုက်ပျိုးရေး အဆင့် (ခ) အတွက် သွပ်မိုးထရံကာအိမ်၊ စက်ဘီး၊ လယ်၊ လှည်း၊ နွား၊ လက်သမား၊ တောင်ယာ၊ ကိုင်း ၊တနိုင်တပိုင် မွေးမြူရေး၊ စိုက်ပျိုးရေး တို့ဖြစ်ကြပါသည်။အဆင်(ဂ)အတွက်သက်ကယ်မိုး ၊ထရံကာ၊ ဝါးတိုင်အိမ်နှင့် ၊လက်လုပ်လက်စား ဟူ၍ အများဆုံးဖြတ်သတ်မှတ်ခဲ့သည်။


**ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုသုံးသပ်မိခြင်း**

ကျေးရွာတွင် အဆင့် (က) ၁၇ဦး၊ အဆင့် (ခ) ၁၄ဦး၊ အဆင့် (ဂ) ၁၉ဦး ရှိနေပြီး၊ အဆင့်များကိုကြည့်ခြင်းအားဖြင့် ကျေးရွာ၏ စီးပွားရေးအခြေအနေ များကိုသိရှိနိုင်သည်။ ပါဝင်ရေးဆွဲသူကျား(၂၃)၊ မ(၂၅)ဦးတို့နှင့်ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ

နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ နှင့် သုံးသပ်ချက်</u>



အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

## ၆။(ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့ (အမျိုးသား၊ အမျိုးသမီး)၊ အရန်မီးသတ်အဖွဲ့၊ ပရိတ်အသင်းကျေးရွာအကျိုးဆောင်အဖွဲ့ ၊အဘိဓမ္မာအသင်း၊ လူထုဖဟိုပြုစီမံကိန်း ကော်မတီ တို့ရှိကြပြီး၊ယင်းအဖွဲ့များနှင့်မြို့နယ်ရှိဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုတို့ကိုလည်းတွေ့ရသည်။

### မည်သည့်အဖွဲ့အစည်းများနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နေပုံ

ရွာတွင်း  လူငယ်အဖွဲ့၏ ဦးဆောင်မှုမှာ ကြီးမားပြီး ၎င်းအဖွဲ့တွင် အမျိုးသား ၊ အမျိုးသမီး၊ လူကြီး၊ လူငယ်များ စည်းရုံးစွာပါဝင်၍ ရွာ၏သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို ဦးဆောင်နေသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ချိတ်ဆက်၍လည်း ဆောင်ရွက်သည်။ အရန်မီးသတ် အဖွဲ့မှာ လူငယ်များလည်းပါဝင်ပြီး ရွာ၏မီးဘေး အတွက် ပူးပေါင်း ဆောင်ရွက်သည်၊အဘိဓမ္မာ အသင်းသည်။ ရန်ကုန် အဘိဓမ္မာ အသင်းနှင့် ချိတ်ဆက် နေကြပြီး၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီသည် ကျေးရွာတွင်းရှိသောအဖွဲ့တိုင်းနှင့်ချိတ်ဆက်ပြီးဆောင်ရွက်ပါသည်။ပါဝင်ရေးဆွဲသူကျား(၅)၊မ(၆)ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု အပေါ် သုံးသပ်ခြင်း



အရင်းအမြစ်အသုံးပြုမှုအား သုံးသပ်ချက်

၆။(င) အရင်းမြစ်များပေါ်တွင် အသုံးပြုမှုအားသုံးသပ်ချက်

**ဒေသတွင်းအသုံးပြုနိုင်သည့် အရင်းမြစ်များပေါ် သိမြင်မှု**

ရွာသူ၊ရွာသားများအနေဖြင့်၎င်းတို့အသုံးပြုနိုင်သည့်လက်ရှိအသုံးပြုနေသည့်သဘာဝအရင်းမြစ်များနှင့်လူမှုအရင်းမြစ်များအပေါ်တွင်ကောင်းစွာသိရှိနိုင်မှုနည်းပါးသည်ကိုတွေ့ရှိရသည်။

**အရင်းမြစ်များအပေါ် အသုံးပြုမှုအခြေအနေ**


အရင်းမြစ်များအပေါ်တွင်အသုံးပြုမှုကိုအမျိုးသား၊အမျိုးသမီးအသုံးပြုမှုအနေဖြင့်ကောင်းစွာခွဲခြား နိုင်စွမ်းမရှိဘဲ ရောထွေးနေပြီး အားလုံးတူညီစွာသုံးစွဲသည်ဟု အဖြေ ထွက်လာသည်။

**အရင်းမြစ်များပေါ်တွင် ထိန်းချုပ်မှုအခြေအနေ**

အမျိုးသား၊ အမျိုသမီးတူညီစွာ သုံးစွဲကြသည်ကို သိရှိသည် မှန်သော်လည်း၊ အသုံးပြုမှုအခြေကိုအမျိုးသားများသာ ဦးဆောင်ကြောင်းကို အမျိုးသမီးများ ကလည်းတင်ပြသည်ကိုတွေ့ရှိရသည်။ပါဝင်ဆွေးနွေးသူ ကျား(၂၃)၊ မ(၂၅)ဦးတို့နှင့်အတူရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်</u>



ပင့်ကူအိမ်ကွန်ယက်

## (စ) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်

### အကြောင်းအရာနှင့် ပါဝင်ဆွေးနွေးမှုများ


အမျိုးသား ၊ အမျိုးသမီး တို့၏ နေ့စဉ် လူနေမှုစနစ် တွင်တွေ့ကြုံနေရသည့် အချက်အလက်များ ပေါ်တွင် ကျေးရွာတွင်းရှိ သူများ၏ အမျိုးသား/သမီး အားသာချက်၊ အားနည်းချက်များကို ရှာဖွေကြသည်။" အုပ်ချုပ်မှု" အပိုင်းတွင် ဆုံလုံကျေးရွာရှိ အမျိုးသားများသည်အမျိုးသမီးများ ထက် ပါဝင်မှု ပိုများပြီး ၇၅% နှင့် ၄၀%ဖြစ်နေသည်။ အုပ်ချုပ်ရေး ကိစ္စများကို အမျိုးသားများက အမျိုးသမီးများထက်ပိုမိုဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ယုံကြည်မှု /လုံခြုံမှုတွင် အမျိုးသားများက၇၅%၊ အမျိုးသမီးများက ၅၀%သာရှိ၍ ကျေးရွာ၏လက်ရှိအခြေအနေကိုလက်ခံထားသည်။ "အိမ်တွင်းမှု" တွင် အမျိုးသား ၃၀%၊ အမျိုးသမီး ၉၀% ရှိပြီး အမျိုးသမီး များကထုံးတမ်း စဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြသည်။

"ဝင်ငွေ" ရှာဖွေနိုင်မှုတွင် အမျိုးသား ၆၀% နှင့် အမျိုးသမီး ၄၀% ရှိပြီး၊ အမျိုးသားများက ဒေသအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းပိုမိုများပြားသည် ကိုတွေ့ရှိရပါသည်။ "ကျန်းမာရေး" စောင့်ရှောက်မှုတွင် အမျိုးသားများက အမျိုးသမီးများလို ဂရုတစိုက်မရှိနိုင်သည်ကို တွေ့ရပါသည်။ "ပညာရေး" လက်လှမ်းမှီမှုတွင်လည်း အမျိုးသား၊ အမျိုးသမီးများ ကွာဟချက် ကြီးမားစွာမတွေ့ရှိရပေ။ "အဖွဲ့အစည်းပူးပေါင်းပါဝင်မှု" တွင် ရွာ၏ သာရေးနာရေး ၊ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် အမျိုးသား၊ အမျိုသမီးများ ပူးပေါင်း ဆောင်ရွက်ကြသည်။ "ပစ္စည်းဥစ္စာ စု ဆောင်းမှု" တွင်အမျိုးသားများ၅၀%၊အမိျုးသမီး၅၀% ဖြစ်ကြခြင်းမှာ အမျိုးသမီးများမှာ ငွေကြေးစီမံခန့်ခွဲသောကြောင့် ဖြစ်ပါသည်။

"ပူးပေါင်းပါဝင်မှု" များတွင် ကျား (၆၀)၊ ၊ မ ၅၀%တွေ့ရပါသည်။"အရင်းအမြစ်လက်လှမ်းမှီမှုတွင်" လည်း ကျာ ၇၅% ၊မ ၅၀%ကိုတွေ့ရသောကြောင့်အတူသုံးစွဲကြကြောင်းတွေ့ရသည်။ ပါဝင်ရေးဆွဲသူကျား-၇ ၊ မ-၆၊ဦးတို့နှင့်ဆွေးနွေးရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ
နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဆ) အခက်အခဲပြဿနာများ ကိုသုံးသပ်ခြင်း</u>




အခက်အခဲပြဿနာများ


၆။(ဆ)အခက်အခဲပြဿနာ သုံးသပ်ချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အတားအဆီးများ ဖြစ်နေသည့် အခက်ခဲ ပြဿနာများဖြစ်သည့် အမျိုးသားဘက်မှတင်ပြမှုတွင် စည်းလုံးညီညွတ်မှုမရှိခြင်း၊ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း၊ဗဟုသုတနည်းပါးခြင်း၊လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းအဖွဲ့စည်းချိတ်ဆက်မှု အားနည်းခြင်း၊ဈေးကွက်ရှားပါးခြင်း၊သစ်တောပြုန်းတီးခြင်းနှင့် စိုက်ပျိုးရေးအသိပညာအားနည်းခြင်းတို့ဖြစ်ပါသည်။

အမျိုးသမီးများဘက်မှ တင်ပြလာသောအခက်အခဲများမှလျှပ်စစ်မီးမရှိခြင်း၊အလုပ်အကိုင်ရှားပါးခြင်း ၊ အရင်းအနှီးနည်းပါးခြင်း ၊ စက်မှုကိရိယာရှားပါးခြင်း ၊ တာဝန်သိမှုနည်းပါးခြင်းတို့ဖြစ်ပါသည်။ဆွေးနွေးပါဝင်သူ ကျား-၂၃၊ မ-၂၅ဦး တို့နှင့်အတူဆောင်ရွက်ခဲ့သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဈ) ကျေးရွာမျှော်မှန်းချက်များကို သုံးသပ်ခြင်း</u>




ကျေးရွာမျှော်မှန်းချက်များ

**၆။(ဈ) ကျေးရွာ (၄) နှစ်စာမျှော်မှန်းချက်များ သုံးသပ်ချက်**

သစ်ဆိမ့်ကုန်း ကျေးရွာ၏ မျှော်မှန်းချက်များမှာအမျိုးသားဘက်မှတင်ပြမှုတွင်ကျေးရွာစာကြည့်တိုက်၊ လမ်းပန်းဆက်သွယ်ရေး ၊စံပြကျေးရွာတို့ဖြစ်ကြသည်။အမျိုးသမီးများဘက် မှလည်း လျှပ်စစ်မီးလင်းရေး ၊ ဆေးပေးခန်း ၊ ဘက်စုံသုံးခန်းမ ၊ပညာရေးကိုပိုမိုလေ့လာချင်သောမျှော်လင့်ချက်များ စသည်တို့ သည် ကျေးရွာ၏ မျှော်လင့်ချက်များ ဖြစ်ကြသည်။ပါဝင်ဆွေးနွေးသူ ကျား (၂၃)၊ မ(၂၅) ဦးတို့နှင့်အတူ ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စျ) ကျေးရွာဦးစားပေးလုပ်ငန်းများ နှင့် သုံးသပ်ချက်</u>



ကျေးရွာဦးစားပေးလုပ်ငန်းများ

**၆။(ဈ) ဦးစားပေးလုပ်ငန်းရွေးချယ်မှုပေါ် သုံးသပ်ခြင်း**

ကျေးရွာလူထုမှ စုပေါင်းတင်ပြရွေးချယ်ထားသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

| | |
|---|---|
| ၁။ ရွာတွင်းချောင်းကျောက်လမ်း | ၃၅မဲ(ကျား) |
| ၂။ဘက်စုံသုံးခန်းမ | ၃၃မဲ(မ) |
| ၃ ။ ဆေးပေးခန်း | ၁၉မဲ (မ) |
| ၄။ လျှပ်စစ်မီးလင်းရေး(ကွန်ကရစ်မီးတိုင်၊မီးကြိုး) | ၁၅မဲ (မဲ) |
| ၅။ စာကြည့်တိုက် | ၆မဲ (ကျား) |

စသည်ဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို ဦးစားပေးအလိုက်ရွေးချယ်ထား ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ





၈။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ဆုံလဲ ကျေးရွာ။ ။ သစ်ဆိမ့်ကုန်း

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးအောင်နိုင်ဝင်း | ၀၉၇၉၃၅၂၉၁၇၃ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်သဲစုဇော် | ၀၉၇၇၄၃၆၀၇၄၇ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းနိုင် | ၀၉၇၉၃၆၁၉၇၇၄ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်ခင်ကြူဝင်း | ၀၉၇၉၈၁၇၀၀၃၉ | ၂၀၁၇ |
| | | | | | |
| ၅ | စောင့်ကြည့်ကြီးကြပ်ရေး | ခေါင်းဆောင် | ဒေါ်ဝင်းသူ | -- | ၂၀၁၇ |
| ၆ | ဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအာကာမင်း | ၀၉၇၉၁၇၁၆၉၆၅ | ၂၀၁၇ |
| | | | | | |
| ၇ | လည်ပတ်ရေးနှင့် | ခေါင်းဆောင် | ဒေါ်သင်းသင်းနိုင် | ၀၉၇၈၅၄၈၇၄၄၁ | ၂၀၁၇ |
| ၈ | ပြုပြင်ထိန်း | အဖွဲ့ဝင် | ဦးလှိုင်ဝင်း | ၀၉၂၅၂၅၄၉၄၉၄ | ၂၀၁၇ |
| | သိမ်းရေးဆပ်ကော်မတီ | | | | |
| ၉ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးခင်စိုး | ၀၉၂၆၀၅၄၂၇၆၇ | ၂၀၁၇ |
| | | | | | |
| ၁၀ | အကြံပြုတိုင်ကြား | အဖွဲ့ဝင် | ဦးဇော်လွင် | - | ၂၀၁၇ |
| ၁၁ | ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်သူဇာဝင်း | - | ၂၀၁၇ |
| ၁၂ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးချစ်ထူး | ၀၉၇၈၅၄၈၈၅၆၁ | ၂၀၁၇ |
| ၁၃ | | အဖွဲ့ဝင် | ဒေါ်နေဇာလင်း | - | ၂၀၁၇ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ဇာလီနိုင်

လက်ထောက်နည်းပညာမှူး - ဦးသန့်ခိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဇော်မျိုးလင်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉- | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကလာဦး |
|---|---|---|

| မြည်နယ်/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု - ဆိုလဲ | ကျေးရွာ - သစ်စိမ့်ကုန်း |
|---|---|---|---|

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၅၀ | ဘာသာ (၁) -ဗုဒ္ဓ--- | ၅၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၁ ၊ မ ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၈ ၊ မ ၇ | | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၂ | ၉၄ |
| လူမျိုးစု (၁)-ဗမာ-- | ၆၂ | ၉၄ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၄၂ | ၈ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား __________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၅မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန်-----၂၀ မိနစ်----------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

**(၉) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာအကျိုးဆောင်လူငယ်အဖွဲ့

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးဇော်မျိုးလင်း

လက်မှတ် Zaw — နေ့စွဲ ၂.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်တာဝင်းနိုင်

လက်မှတ် Naing — နေ့စွဲ ၂.၁၂.၂၀၁၆

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဇာဇာမင်း | | | |
| နေ့စွဲ ၁၈.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု ဆိုလ | ကျေးရွာ သစ်ဆိမ့်ကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၁၂.၁၆ | ၁၈.၁၂.၁၆ | ၂၄ | ၂၅ | ၄၉ | ၄၉ | မရှိ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂.၁၂.၁၆ | ၂.၁၂.၁၆ | ၂၃ | ၂၅ | ၄၉ | ၄၉ | မရှိ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁.၁၇ | ၁၇.၁.၁၇ | ၄၁ | ၅၃ | ၉၄ | ၉၄ | မရှိ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၇.၂.၁၇ | ၁၇.၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၆.၂.၁၇ | ၁၆.၂.၁၇ | ၁၅ | ၁၃ | ၂၈ | ၂၈ | မရှိ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၂၀ | ၂၄ | ၄၄ | ၄၄ | မရှိ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၂၀ | ၂၄ | ၄၄ | ၄၄ | မမှာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၂၀ | ၂၄ | ၄၄ | ၄၄ | မမှာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၂၀ | ၂၄ | ၄၄ | ၄၄ | မမှာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၆.၃.၁၇ | ၁၆.၃.၁၇ | ၇ | ၆ | ၁၃ | ၁၃ | မမှာ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၄.၃.၁၇ | ၄.၃.၁၇ | ၇ | ၅ | ၁၂ | ၁၂ | မမှာ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၁၈.၃.၁၇ | ၁၈.၃.၁၇ | ၂၄ | ၂၀ | ၄၄ | ၄၄ | မမှာ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၂.၅.၁၇ | ၂၂.၅.၁၇ | ၇ | ၆ | ၁၃ | ၁၃ | မမှာ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၆.၅.၁၇ | ၂၆.၅.၁၇ | ၃၃ | ၄၇ | ၈၀ | ၈၀ | မမှာ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဘာလမြိုင် | | | |
| နေ့စွဲ ၂၈.၁၂.၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဘုံလှ | ကျေးရွာ သစ်ဆိမ့်ကုန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဗဟုသုတနည်းပါးခြင်း။ | ၁ | လျှပ်စစ်မီးရရှိမှု ခက်ခဲခြင်း။ |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း | ၂ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း။ |
| ၃ | စည်းလုံးညီညွတ်မှုအားနည်းခြင်း။ | ၃ | တာဝန်ယူမှုအသိစိတ်အားနည်းခြင်း။ |
| ၄ | လမ်းပန်းဆက်သွယ်ရေးအားနည်းခြင်း။ | ၄ | အရင်းအနှီးနည်းပါးခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုအားနည်းခြင်း။ | ၅ | ပညာရေးချို့တဲ့ခြင်း။ |
| ၆ | ဈေးကွက်ရှားပါးခြင်း။ | ၆ | စက်မှုကိရိယာအားနည်းခြင်း။ |
| ၇ | ယစ်ဆေးဝါးပြန့်ပွားခြင်း။ | ၇ | |
| ၈ | စိုက်ပျိုးရေးအတတ်ပညာအားနည်းခြင်း။ | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးလက်စာကြည့်တိုက်။ | ၁ | လျှပ်စစ်မီးလင်းရေး။ |
| ၂ | လမ်းပန်းဆက်သွယ်ရေး(ကွန်ကရစ်လမ်း) | ၂ | ကျေးလက်ဆေးပေးခန်း။ |
| ၃ | ပညာရေး ပိုဖို့ လေ့လာချင်ပါတယ်။ | ၃ | ကျေးရွာခန်းမ။ |
| ၄ | | ၄ | စံပြကျေးရွာဖြစ်ချင်ပါတယ်။ |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

မံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ...င့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] <၅> ပေါက် လမ်း | အမျိုးသား | ၃၄ | ၁၈၆၆ |
| ၂ | ကျေးရွာခန်းမ | အမျိုးသမီး | ၇၅ | ၁၈၆၆ |
| ၃ | ကျေးရွာဆေးပေးခန်း | ။ | ၄၀ | ၁၈၆၆ |
| ၄ | [illegible] ကွန်ကရစ်တိုင်၊ မီးကြိုး | ။ | - | ၁၈၆၆ |
| ၅ | ဓာတ်ကြည့်တိုက် | အမျိုးသား | ၄၀ | ၁၈၆၆ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] ------ လက်မှတ် ------ [signature] ------ နေ့စွဲ ၂ ၊ ၁၂ ၊ ၂၀၁၆

[illegible] လက်မှတ် [signature] နေ့စွဲ ၂ ၊ ၁၂ ၊ ၂၀၁၆

ပုံစံPC-၄ကျေးရွာ ခွဲဝေချထားခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | |
| နေ့စွဲ ၁၇.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း- ဧရာဝတီ / မြို့နယ်- [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှထည့်ဝင်မှု (သိန်း) | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ၁၈၅၃' x ၁၂' x ၄" | ၂၆၅ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၃၄ | | | ၃၄ |
| [illegible] | ကွန်ကရစ်မီးတိုင် | ၂၂ - တိုင် | ၄၁၃ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၄၈ | | | ၄၈ |
| [illegible] | ကွန်ကရစ်မီးတိုင် | ၂၄ - တိုင် | ၂၆၈ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၅၂ | | | ၅၂ |
| | | | | ☐အမျိုးသား | | | | |

## ၁၃။ ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

### (၁-၁၂-၂၀၁၆ ) ပထမအကြိမ်ကျေးရွာအစည်းအဝေး

အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ အစီအစဉ် (၁) တွင် ကျေးရွာ စီထောက် ဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်း မှ အဖွင့်အမှာ စကားပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း ဒုတိယ နှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သော လိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့် ပါကြောင်း" စသဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

နေ့လည် (၁၂း၃၀) နာရီတွင် လူထုဗဟိုပြု စီမံကိန်း ဝန်ထမ်း များမှ ကျေးရွာလူထု နှင့် ဝန်ထမ်းများကြား ရင်းနှီးမှု ရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ကြသည်။ ထို့နောက် စီမံကိန်းစက်ဝန်း မိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ ၊စီမံကိန်းတွင် ပါဝင်သူများ၏အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ၊ စီမံကိန်းတွင် လိုက်နာ ရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ နေ့လည် (၂) နာရီတွင် စီမံကိန်းဒုတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန်ထမ်းများ ၏ တာဝန်ဝတ္တရားများအကြောင်းမဲပေးရွေးချယ်ခြင်း၏ စေတနာ့ဝန်ထမ်း(၂) ဦးရွေးချယ်ခဲ့ကြသည်။နေ့လည် (၂း၁၅) တွင် ကျေးရွာ စီမံကိန်းနှင့်အ ထောက်အကူပြု ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ အကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

နေ့လည် (၃း၀၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့ များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ(လူမှု နှင့် သဘာဝ အရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များ အသုံးပြုမှု၊ ပိုင်ဆိုင်မှု ထိန်းချုပ်မှု၊ ဥစ္စာဓနစံသတ်မှတ်ချက်၊ပင့်ကူအိမ်သုံးသပ်ချက်(ကျား၊ မ)၊ ရာသီခွင်ပြ ပြက္ခဒိန်၊အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ) ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြသည်။ညနေ (၅း၀၀) နာရီတွင်၊ ကျေးရွာ ပထမအကြိမ် အစည်းအဝေး(ဒုတိယနှစ် စက်ဝန်း)အောင်မြင်ပြီးမြောက် ခဲ့ပြီး၊ အစည်းအဝေး ပိတ်သိမ်းကြောင်း ကြေငြာခဲ့ပါသည်။

## ၁၃။ ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

## (၂-၁၂-၂၀၁၆) ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

အစည်းအဝေးကိုနေ့လည်(၁၂း၀၀)၊နာရီတွင်စတင်ကျင်းပခဲ့သည်။ဒုတိယအကြိမ်ကျေးရွာ အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဦးဆုံးရှင်းပြခဲ့ပြီး အစည်းအဝေးကို စတင်ခဲ့ပါသည်။ ရည်ရွယ်ချက်ကိုရှင်းပြပြီးနောက် (၁.၁၂.၂၀၁၆) ကျေးရွာပထမအကြိမ် အစည်းအဝေးတွင်ပြုလုပ်ခဲ့ သော လူမှုဆန်းစစ်ခြင်းများ ကိုပြန်လည်သုံးသပ် အနှစ်ချုပ်တင်ပြခဲ့ပါသည်။ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး စာအုပ်အကြောင်းကို ရှင်းပြခဲ့ပြီး လက်တောက်နည်းပညာမှူးဦးသန့်ခိုင်မှ သဘာဝအကာအကွယ် နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါသည်။ ထို့နောက် သစ်ဆိမ့်ကုန်း ကျေးရွာတွင်ဖြစ်ပေါ်နေသောကျေးရွာမျှော်မှန်းချက်များအခက်အခဲပြဿ နာများ၊ကိုဖော်ထုတ်ခဲ့ပါသည်။နေ့လည်တွင်အမျိုးသားနှင့် အမျိုးသမီးသီးခြားစီခွဲ၍ ဖော်ထုတ်အဆို ပြုခဲ့ကြပါသည်။ နေ့လည် (၃း၀၀) နာရီတွင် စီမံကိန်းတွင် အကျုံးဝင်သောလုပ်ငန်းများ၊ စီမံကိန်းတွင် အကျုံးမဝင်သောလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် မဲပေးရွေးချယ်ခြင်း လျို့ဝှက်စနစ်အကြောင်းကို ထပ်မံရှင်းပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများကို မဲပေးစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။ သစ်ဆိမ့်ကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ ထွက်ရှိပြီးနောက်၊ နေ့လည်(၄း၃၀) နာရီတွင်၊ ကျေးရွာဒုတိယအကြိမ်အစည်းအဝေးကို၊ အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ပါသည်။

Naing

အစည်းအဝေးမှတ်တမ်းတင်သူ

ဒေါ်ဇာလီနိုင်

(လူထုစည်းရုံးရေးမှူး)

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

**ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁။ | ရွာတွင်းချောင်းကျောက်လမ်း | ကျား-၂၃ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂။ | ဘက်စုံသုံးခန်းမ | မ-၂၅ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၃။ | စာကြည့်တိုက် | ကျား-၂၃ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁။ | ကျေးရွာဆေးပေးခန်း | မ-၂၅ | - | - | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁။ | ကွန်ကရစ်မီးတိုင်၊ မီးကြိုး | ကျား-၂၃<br>မ-၂၅ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂။ | ဆိုလာမီး | - | - | - | ကျေးလက်ဦးစီးဌာန |
| | | | | | | |
| | | | | | | |